## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

## (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| လျှောက်လွှာတင်သွင်းရမည့်ရက် | - | ၁၅-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၀-၂၀၂၆ ရက်နေ့ထိ |
| အစမ်းလေ့ကျင့်မည့်ရက် | - | ၁၃-၁၁-၂၀၂၆ (သောကြာနေ့)၊ နံနက် (၀၉:၀၀) နာရီ |
| ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် | - | ၁၅-၁၁-၂၀၂၆ (တနင်္ဂနွေနေ့)၊ နံနက် (၀၉:၀၀) နာရီ |
| ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ | - | ဘက်စုံသုံးခန်းမ၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) |

၂။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မေလတွင် နောက်ဆုံးနှစ်ဘွဲ့စာမေးပွဲများ၊ ဘွဲ့လွန်ဒီပလိုမာစာမေးပွဲများနှင့် မဟာဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၁၅-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၀-၂၀၂၆ ရက်နေ့အတွင်း သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ သင်တန်းရေးရာဌာန၊ စာမေးပွဲဘွဲ့နှင်းဌာနခွဲတွင် သတ်မှတ်လျှောက်လွှာပုံစံထုတ်ယူပြီး လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသော (၂"x ၁.၅"အရွယ်) ရောင်စုံဓာတ်ပုံ (၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံများသည်မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသောဓာတ်ပုံ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ဖြင့် လျှောက်ထားရမည်။

၄။ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့လျှောက်ထားသူများသည် ပထမဘွဲ့၏ ဘွဲ့လက်မှတ်မိတ္တူကိုပါ တစ်ပါတည်း ထည့်သွင်းလျှောက်ထားရမည်။

၅။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံအပြည့်အစုံဝတ်ဆင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

၆။ ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့် ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲသို့ တက်ရောက်ခွင့်ပြုသည့်လက်မှတ်တို့ကို ၁၀-၁၁-၂၀၂၆ ရက်နှင့် ၁၁-၁၁-၂၀၂၆ ရက်နေ့များတွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ဘက်စုံသုံးခန်းမတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ဖုန်းနံပါတ် ၀၉-၂၅၆၀၄၀၀၀၄ နှင့် ၀၉-၇၉၅၃၀၀၁၅၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး

သင်တန်းရေးရာဌာန